# ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအစီရင်ခံစာ

## နိဒါန်း

၁။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို (၁၇.၁၀.၂၀၂၂) ရက်နေ့ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဇွဲကပင်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

## တွေ့ဆုံပွဲတက်ရောက်သူများ

၂။ အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဘက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ်အတွင်း အစိုးရ အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုအသင်းမှ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် လုပ်ငန်းရှင်များ၊ ကရင်ပြည်နယ် စက်မှုဇုန် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် ပြခန်းပြသသူ စုစုပေါင်း (၁၅၀) ဦးခန့် တက်ရောက် ကြပါသည်။

## MSME လုပ်ငန်းရှင်များမှ တင်ပြချက်များ

၃။ ကရင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များမှ အောက်ပါအတိုင်းတင်ပြခဲ့ပါသည် -

(က) ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ဌေး မှ တင်ပြရာတွင် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းကို ၁၉၉၂ခုနှစ်တွင်အဖွဲ့ဝင် (၂၆၀)ဦး ၊ ညီနောင်အသင်း (၂၉) သင်း ဖြင့်ဖွဲ့စည်းထားပါကြောင်း၊ ပြည်နယ်အတွင်း စက်မှု/လက်မှုလုပ်ငန်းများ အနေ

ဖြင့်(၁၁၈၇)ခုရှိပြီး အကြီးစား(၁၅၆)ခု၊ အလတ်စား(၂၂၉)ခု၊ အသေးစား(၈၀၂)ခု ရှိပါကြောင်း၊ ဘားအံစက်မှုဇုန်ကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လက်ရှိအခြေအနေတွင် စက်ရုံ အလုပ်ရုံပေါင်း(၄၆)ရုံ ရှိပါသည်၊ SME လုပ်ငန်းများအနေဖြင့် လုပ်ငန်းရှင်ပေါင်း(၅၆၀)ရှိပါကြောင်း၊ ကရင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နိုင်မည့် အဓိကလုပ်ငန်းများမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း(ဥပမာ-ရော်ဘာ/ပဲအမျိုးမျိုးဖြစ်ပါကြောင်း၊

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းတွင်ဟိုတယ်(၅၅)လုံး၊အခန်းပေါင်း(၁၈၉၁) ခန်း၊ ခရီးသွားကုမ္ပဏီ(၄)ခု၊ ဧည့်လမ်းညွှန် (၁၇၈)ဦး၊ ဘားအံပတ်ဝန်းကျင် ရာသီမရွေးခရီးသွားများ ဝင်ရောက်နိုင်သည့် နေရာဒေသ(၃၀)ခန့် ရှိပါကြောင်း၊ ၎င်းအပြင် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ စက်မှုလက်မှုနှင့် ဒေသ ထွက်ကုန်လုပ်ငန်းများ၊ ကရင်ရိုးရာ ယက္ကန်းလုပ်ငန်းများ ဖြစ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် ဓာတ်မြေသြဇာအား သက်ဆိုင်ရာ ဌာနများမှတဆင့် ဖြန့်ဖြူးပေးနိုင်ရေး တင်ပြအပ်ပါကြောင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံနယ်စပ်မှတဆင့် ပြောင်းသီးနှံ အပါအဝင် သီးနှံများ တင်ပို့ရေးကိစ္စများတွင် နိုင်ငံခြားငွေ လဲလှယ်မှုနှင့် ပတ်သက်၍ အဆင်ပြေ ချောမွေ့စေရန်အတွက် ငွေလဲလှယ်မှုနှုန်း ထားအား (Free On Board)ဈေးကွက် ပေါက်ဈေး အတိုင်းလဲလှယ်ဆောင်ရွက်ခွင့်ပြုနိုင်ရေး တင်ပြအပ်ပါကြောင်း။

( ခ) ကရင်ပြည်နယ် ဆန်စက်လုပ်ငန်းများရှင်များ ဥက္ကဋ္ဌ ဦးအောင်ဇော်ထက်မှ တင်ပြရာတွင် ကရင်ပြည်နယ်တွင် ဆန်စက်အလတ်စား(၃)ခု၊ အငယ်စား(၁၁) ခုနှင့် ဟာလာစက်(၂၀၉)ခု စုစုပေါင်း(၂၂၃)ခု ရှိပြီး ခေတ်မီဆန်စက်ကြီးများ၊ ခေတ်မီသိုလှောင်ရုံနှင့် ခေတ်မီ ဆန်သန့်စင်စက်လည်း မရှိသေးပါကြောင်း၊ ဈေးကွက်ဝင် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်စပါးများ ရရှိနိုင်ရေး အတွက် နိုင်ငံတော်မှ စပါးမျိုးသန့်များ ပံ့ပိုးပေးနိုင်ပါရန် နှင့် ဆန်စက်ပိုင်ရှင်များ အနေဖြင့်လုပ်ငန်း တိုးချဲ့ရန်အတွက် ငွေကြေးအရင်းအနှီး ရရှိရန်နှင့်ဆန်စက်တည်ဆောက်ထားသော မြေများမှာလည်းဘိုးဘွားပိုင်မြေများ ဖြစ်သည့်အတွက် မြေဂရန် များရရှိနိုင်ရေးကူညီပေးနိုင်ပါရန် လိုအပ်ပါကြောင်း။

( ဂ) ပြည်နယ်ရာဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးစောတင်မောင်စိန်မှတင်ပြသည်မှာ ကရင်ပြည်နယ်အတွင်း ရော်ဘာစိုက်ကေ(၃)သိန်းခန့် ရှိပြီး ယနေ့ထိ(၂၈၀၀၀၀)ကေခန့် အစေးထုတ်ယူ ရရှိနေပြီးဖြစ်ပါကြောင်း၊ အများအားဖြင့် RSS (3) အဆင့်သာထုတ်လုပ်ကြပြီး မုဒုံ၊သထုံ စသည့်ရော်ဘာဒိုင်များသို့

ရောင်းချပါကြောင်း၊ RSS ထုတ်လုပ်နိုင်ပါက တောင်သူများ ပိုမိုအဆင်ပြေမှု ရှိသကဲ့သို့ ပြည်ပဝင်ငွေ ပိုမိုတိုးတက် ရရှိနိုင်ပါ ကြောင်း၊ လက်ရှိ ရော်ဘာစိုက် တောင်သူများအနေဖြင့် ဓါတ်မြေဩဇာ ဈေးကြီးမြင့်ခြင်းနှင့် စိုက်ပျိုး ထုတ်လုပ်မှု စရိတ် မလုံလောက်သည့် အခက်အခဲများ ရှိနေပါကြောင်း၊ ထို့အပြင် ရော်ဘာ နှစ်ရှည်ပင် လုပ်ငန်းများဆိုင်ရာ Rubber Law ရှိရန် လိုအပ်ပါကြောင်း၊ ရော်ဘာ တောင်သူများ ကုန်ထုတ်လုပ်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်း အဆင်ပြေ စေရေးအတွက် မြေငှားဂရန်များထုတ်ပေးသင့်ပါကြောင်း၊ ဈေးကွက် ဖွင့်ရရှိရေး နှင့် နိုင်ငံတော်အခွန်အကောက်ရရှိအရေးငှာ ကုန်စည်ဒိုင်များ ဖွင့်လှစ် ထောက်ပံ့ ပေးနိုင်ပါရန်လိုအပ်ပါကြောင်း။

(ဃ) ကရင်ပြည်နယ်ပြောင်းလုပ်ငန်းရှင်အသင်းမှ ဦးမျိုးဇော်ဦးမှတင်ပြရာတွင် ပြောင်း လုပ်ငန်းရှင်များအနေဖြင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းမှတဆင့် ထိုင်း နိုင်ငံသို့ပြောင်းများတင်ပို့ရာတွင် (FOB)ဈေးကွက်ပေါက်ဈေးအတိုင်း လိုင်စင် ဈေးနှုန်းများကိုပြင်ဆင်သတ်မှတ်ပေးပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း၌ Advance TT 100%ထည့်ခိုင်းခြင်းကြောင့် နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများ ထိခိုက်နေရ ခြင်းကိုပြန်လည်သုံးသပ်ရန်၊ မျှော့စာ စနစ် ပြန်လည်သုံးသပ်ရန်း လိုအပ်ပါကြောင်း။

(င) မြန်မာနိုင်ငံဟော်တယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးညီညီနိုင်မှ တင်ပြ သည်မှာ ကရင်ပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလကုန်အထိ လုပ်ငန်းလိုင်စင် ထုတ်ပေးထားသော ဟိုတယ်နှင့်တည်းခိုရိပ်သာများ အနေဖြင့် ဘားအံမြို့တွင် (၃၇)လုံး ၊ မြဝတီမြို့တွင်(၁၆)လုံး၊ ကြာအင်းဆိပ်ကြီးမြို့တွင် (၁) လုံးနှင့် ဘုရားသုံးဆူမြို့တွင်(၁)လုံး စုစုပေါင်း(၅၅)လုံးနှင့် အိပ်ခန်း(၁၈၉၁) ခန်း ရှိပါကြောင်း ၊ ၂၀၂၂ ခုနှစ်၊စက်တင်ဘာလကုန်အထိ ဘားအံမြို့တွင် ခရီးသွား ကုမ္ပဏီ(၃)ခု ၊ မြဝတီမြို့တွင်(၁)ခု၊ ဧည့်လမ်းညွှန်(၄)ဦးနှင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (၁၇၈)ဦး ရှိပါကြောင်း၊ ဝင်ငွေရရှိမှုအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကျပ်သိန်းပေါင်း (၁၄၂၁၀.၆)ရရှိခဲ့ပါကြောင်း ၊ဟိုတယ်(၅၅)လုံးမှ Guest List Management System(GLMS)စနစ် အတွက် မှတ်ပုံတင် ထားရှိပြီးနေ့စဉ်ဧည့်စာရင်းပေးပို့မှု၁၀၀% ဆောင်ရွက်ပြီးစီးခဲ့ပါ ကြောင်း၊ ပြည်နယ်တွင်း လာရောက်လည်ပတ်သော ခရီးသွားများအနေဖြင့် တောင်တက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေယာဉ်စီးနှင်းခြင်းနှင့် ပြည်နယ်၏ သဘာဝအလှနှင့် တိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှုများကို တွေ့ကြုံခံစား နိုင်ပါကြောင်း၊ သင်တန်းများဖွင့်လှစ်မှုအနေဖြင့် လိုင်စင်ရဟိုတယ်နှင့် တည်းခို

ရိပ်သာများမှ ဝန်ထမ်းများနှင့် ပြင်ပစိတ်ဝင်စားသူ လူငယ်များအပါအဝင် သင်တန်းသား/သင်တန်းသူ (၁၀၈)ဦးဖြင့် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအရည်အသွေးမြင့်မားရေးအတွက် ဝန်ဆောင်မှုဆိုင်ရာ (အခြေခံ) သင်တန်း(၄)မျိုးနှင့် Barrier Free Tourism ဝန်ဆောင်မှု(အခြေခံ) သင်တန်းများကို (၂၂.၈.၂၀၂၂)မှ (၁၆.၉.၂၀၂၂)ထိ (၄)ပတ်ကြာသင်ကြားပို့ချပေးနိုင်ခဲ့ပါကြောင်း။

(စ) ကရင်ပြည်နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး လုပ်ငန်းရှင် ဦးစောစေးထူးမှ တင်ပြရာတွင် လယ်ယာလုပ်ငန်းဆောင်ရွက်ကြမည့် လုပ်သားများမှာ ပြည်ပသို့သွားရောက်လုပ်ကိုင်နေကြသဖြင့် လယ်ယာ လုပ်ငန်းများ အချိန်မှီစိုက်ပျိုး ရိတ်သိမ်းနိုင်ရေးအတွက် စက်ကိရိယာများ ကူညီပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ သီးနှံများစိုက်ပျိုးစရိတ် ချေးငွေတိုးမြှင့်ပေးနိုင်ပါရန်နှင့် ချေးငွေပေးဆပ်ရမည့် ကာလတိုးမြှင့်ပေးပါရန် လိုအပ်ပါကြောင်း၊ သွင်းအားစုချေးငွေနှင့် လိုက်လျောညီထွေမှု ရရှိစေမည့် ဈေးကွက်ရရှိရေး ဖော်ဆောင်ပေးရန်လိုအပ်ပါကြောင်း။

(ဆ) ကရင်ပြည်နယ် ဆီကုန်သည်များ ဆီစက်လုပ်ငန်းရှင်အသင်းမှ ဆီစက်လုပ်ငန်းရှင်များ ကုန်ထုတ်သမအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးမှ တင်ပြရာတွင် ဆီစက်လုပ်ငန်းရှင်များအသင်းအား(၁.၅.၂၀၂၂)ရက်နေ့တွင် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ကရင်ပြည်နယ်ရှိ ဆီစက်လုပ်ငန်းရှင်ပေါင်း(၃၉)ဦး စုပေါင်း၍ စားသုံးဆီ ဖူလုံရန် ကြိုးစားဆောင်ရွက်လျှက်ရှိပါကြောင်း၊ စက်ရုံမျာ်း ရေရှည်တည်တံ့ အောင်မြင်ရန် စက်ရုံတည်နေရာအား ဂရမ် ရရှိရန် ကူညီပေးနိုင်ပါရန်နှင့် လုပ်ငန်းချိန်တွင် လျှပ်စစ်မီးများ လုံလောက်စွာ အသုံးပြုနိုင်ရန် ထပ်ဆင့်ပံ့ပိုး ကူညီပေးပါရန် လိုအပ်ပါကြောင်း။

(ဇ) ကရင်ပြည်နယ် မွေးမြူရေးလုပ်ငန်းရှင်အသင်းမှ ဦးစောသက်နိုင်မှ တင်ပြရာတွင် မွေးမြူရေးဇုန်အတွင်းရှိ လမ်းများကိုကတ္တရာလမ်းများဖြစ်အောင် အမြန်ဆောင်ရွက်စေလိုခြင်း၊ လျှပ်စစ်မီးများအချိန်ပြည့်ရရှိ စေရန်ထွက်ရှိလာသော မွေးမြူရေးထုတ်ကုန်ပစ္စည်းများကို ရောင်းချရာတွင်ဈေး ကွက်တည်ငြိမ်မှုရရှိစေရန် ဆောင်ရွက်စေလိုပါကြောင်း။

## ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည်ရှင်းလင်းဖြေကြားခြင်း

၄။ (က) ကရင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ၏ တင်ပြမှုများအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှဝန်ကြီးဌာန အလိုက် ပြန်လည် ရှင်းလင်းဆွေးနွေးပေးကြပြီး ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်

ရွက်လျှက်ရှိမှု ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးထိခိုက်ခဲ့မှု၊ ဖြစ်စဉ်များအပေါ် လုပ်ငန်းရှင်များအနေဖြင့် သင်ခန်းစာယူ ဆောင်ရွက်ကြရန်လိုအပ်မှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအပေါ်ကန့်သတ် ချက်များ များစွာဖြေလျှော့ပေးထားမှု၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက်ဆောင်ရွက်လျှက်ရှိမှု၊ နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ဖြစ်သော်လည်း တရားမဝင်ကုန်သွယ်မှုများရှိနေသေးသည်ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် တရားမဝင်ကုန်သွယ်မှုကိုဝိုင်းဝန်းတိုက်ဖျက်ကြရန်လိုအပ်မှု၊ ကရင်ပြည်နယ်သည် ကော်ဖီသီးနှံကို အဓိကသီးနှံအဖြစ်စိုက်ပျိုးပြီး ပြည်ပသို့တင်ပို့နိုင်မည် အခြေအနေကောင်းကိုပိုင်ဆိုင်ထားရှိမှု MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် လိုအပ်သည့်နည်းပညာနှင့်အခြားအခတ်အခဲများကို ဖြည့်ဆည်းပေးလျှက်ရှိမှု၊ ဒေသထွက်ကုန်များကို ပြည်ပသို့တင်ပို့ခြင်းထက် ဝင်ငွေပိုမိုရရှိနိုင်မည့်တန်းဖိုးမြှင့်ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေး စက်ကရိယာများ နှင့် နည်းပညာများကို ဖြည့်ဆည်းပေးလျှက်ရှိမှု ကျေးရွာနေပြည်သူလူထု ဝင်ငွေတိုးတက်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများ အစုအဖွဲ့များဖွဲ့၍ လိုအပ်သည်များကိုကူညီပေးလျှက်ရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့်သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးလျှက်ရှိမှု စသည့်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပြည်နယ်မှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေး ပြောကြားခဲ့ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ မှ ဆွေးနွေးပြောကြားခြင်း**

၅။ (က) နိုင်ငံစီးပွားမြှင့်တင်ရေးအတွက် ကရင်ပြည်နယ်သို့လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီးပွားရေးဦးတည်ချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ အခြားစီးပွားရေးလုပ်ငန်းများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါက အချက်(၄)ချက်နှင့် ညီညွှတ်ရမည်ဖြစ်ကြောင်း။

(ခ) ပထမအချက်မှာ ကုန်ကြမ်းဖြစ်ကြောင်း၊ ကုန်ကြမ်းတွင် ထုတ်လုပ်မှု ရောင်းချမှု၊ ဝန်ဆောင်မှုနှင့်အခြားတို့ပါဝင်ပြီးထုတ်လုပ်မှုမှာအဓိကကျကြောင်း၊ ထုတ်လုပ် မှုမရှိပဲ ရောင်း/ဝယ်မှု ဖြစ်မလာနိုင်ကြောင်း အလုပ်ကိုင်မရှိပဲ ဝန်ဆောင်မှု ရှိမလာနိုင်ကြောင်း၊ ထုတ်လုပ်မှုများလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း အကောင်းဆုံးမှာ ပြည်တွင်း၌ အခြေခံကျသည့်ကုန်ကြမ်းရရှိရန် ထုတ်လုပ်ရမည်

ဖြစ်ကြောင်း ၊မြန်မာငွေကြေးသာ သုံးစွဲရမည်ဖြစ်ကြောင်း ၊ ဒေသ တွင်း ကုန်ကြမ်းကို အခြေခံသည့်ထုတ်လုပ်မှု ဖြစ်ရန်လိုအပ်ကြောင်း၊ ကရင် ပြည်နယ်တွင် သဘာဝသယံဇာတများထွက်ရှိကြောင်း၊ တွင်းထွက်ပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ ထုံးကျောက်နှင့် ဂေါဒန်ကျောက်ရှိပါက ဘိလပ်မြေထုတ်လုပ်၍ရကြောင်း အကြီးစားလုပ်ငန်းများ ဖြစ်၍ SME တွင်မပါဝင်သော်လည်း လုပ်ကိုင်၍ရသည်ကိုပြောပြခြင်းဖြစ်ကြောင်း ၊ ဒေသတွင်းထွက်ကုန်ကို အခြေခံ၍ ကုန်ထုတ်လုပ်မှုလုပ်စေလိုကြောင်း၊ ဆန်စပါးစိုက်ပျိုးသော်လည်း (၈၀% ) သာဖူလုံသည်ကိုတွေ့ရကြောင်း၊ ဖာပွန်/ မြဝတီမြို့နယ်တို့တွင် ဖူလုံမှုမရှိကြောင်း၊ စပါးကိုအခြေခံပြီးစက်မှုလုပ်ငန်းများကို မဖြစ်မနေ တွန်းအားပေးရန်လိုအပ်ကြောင်း စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းစနစ် (၄)ချက်ရှိရမည်ဖြစ်ကြောင်း ၊မွေးမြူရေးတွင်လည်း မျိုး၊ မြေ (အာဟာရ)၊ရေ၊ နည်းစနစ်လိုအပ်ကြောင်း လယ်မြေကွက်များမှာ မိရိုးဖလာ လုပ်ကိုင်လာသဖြင့် ငါးကြင်းကွက်ကဲ့သို့ ညီညာမှုမရှိကြောင်း ၊မြေကို စတင်ပြုပြင်ရမည်ဖြစ်ကြောင်း၊ အလုပ်သမားရှားပါးမှုပြဿနာကို ကုစားနိုင်ရန် အတွက် စက်ယန္တယားကူညီပေးရန် ဦးစောစေးထူး၏ တင်ပြချက်တွင် ပါဝင်ကြောင်း ၊ မြန်မာနိုင်ငံတွင်စပါမျိုးပေါင်း (၉၀)ကျော်ရှိကြောင်း၊ စပါးနှံများများ ထွက်ရှိစေရန်အတွက် သဘာဝမြေဩဇာ ၊ ဓာတ်မြေဩဇာသုံးစွဲရမည်၊ အောင်ရေ ရရှိအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဓာတ်မြေဩဇာကို သက်သာသော ဈေးနှုန်းဖြင့် ရရှိရန်အတွက် ရုရှားနိုင်ငံ၊ အီရန်နိုင်ငံတို့ရှိ ကုမ္ပဏီအကြီးအကဲများနှင့် တွေ့ဆုံ၍နှိမ့်ချဆက်ဆံ ပြောကြားပေးကြောင်း ဆန်ဖူလုံမှုရှိပါက ဆန်မှ ဆန်ကွဲ ၊ ဖွဲ ၊ ဖွဲနုဆီထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း အခြေခံကျသည့်လုပ်ငန်းကို ဆောင်ရွက်စေလိုကြောင်း၊ ဆန်မှ ထွက်သည့် မုန့်ကဲ့သို့သော အစားအစာများ ထုတ်လုပ်နိုင်ကြောင်း၊ ဥပမာ- ကြာဆံပြုလုပ်၍ရကြောင်း ၊အစေထုတ်ပြောင်းကို ကုန်ကြမ်းအနေဖြင့်သာ တင်ပို့နေကြောင်း၊ ပြောင်းမှုန့်အခြေခံသည့် ကုန်ချော မျိုးစုံပြုလုပ်ပြီး မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံများသို့ တင်ပို့နိုင်ကြောင်း လူဦးရေ(၅၅)သန်းတွင် သန်း(၄၀)မှာ ဖိနပ်စီးကြောင်း ၊ ရာဘာကို RSS မျိုးကောင်းရရှိဖို့ထက် ရာဘာဖိနပ်ထုတ်လုပ်သင့်ကြောင်း၊ဒေသတွင်း ကုန်ကြမ်းကို အခြေခံသည့် စက်မှုလုပ်ငန်းများ ကိုလုပ်ကိုင်သင့်ကြောင်း မြေ လတ် များ ရှိ သဖြင့် အုန်းပင်များစိုက်ပျိုးသင့်ကြောင်း အုန်းခွက်ကို မီးသွေး၊ အုန်းခွံကို မြေဩဇာ စသည်ဖြင့် လေလွင့်မှုမရှိအောင်သုံးစွဲနိုင်ကြောင်း ၊ ငါးမွေးမြူရေးကို အားပေး ပါကြောင်း ၊ ကော်စေ့ကို ပြည်တွင်း၌စီးပွားဖြစ်ထုတ်လုပ်သင့်ကြောင်း ကရင် ပြည်နယ်တွင် ဝါးထွက်ရှိမှုပေါများသဖြင့် ဝါးအခြေခံထုတ်ကုန်များ ထုတ်လုပ် သင့်ကြောင်း။

(ဂ) ဒုတိယအချက်မှာစေတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ စက်မောင်းဆီ၊ စသည့်သွင်းအားစုများရှိရန် လိုအပ်ကြောင်း၊ စက်ယန္တယားများတောင်းစဉ်က စက်မောင်းဆီတောင်းမည်ဟုယူဆခဲ့ကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ဒီဇယ်လိုအပ်ချက်များရှိသဖြင့် လျှပ်စစ်ကားဖြင့် ပြေးဆွဲနိုင်ရန်စဉ်းစားနေကြောင်း လျှပ်စစ်ဖြင့် စက်မှုလုပ်ငန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများစွာဖြစ်ထွန်းလာမည်ကြောင်း၊ ဖာပွန်မြို့နယ် တွင် ဘောကထ ရေအားလျှပ်စစ်ရှိကြောင်း ကမ်းလှမ်းသည့် ကုမ္ပဏီရှိသော်လည်း လုံခြုံရေးကြောင့် ခွင့်မပြုခဲ့ကြောင်း။

(ဃ) နောက်တချက်မှာ ငွေကြေးဖြစ်ကြောင်း နိုင်ငံစီးပွားမြှင့်တင်ရေးကဏ္ဍအတွက် ဘီလီယံ(၄၀၀) ထုတ်ချေးပေးကြောင်း ၊ချေးငွေပြန်ဆပ်မှုမှာ အားနည်းကြောင်း ပို့ကုန်ရငွေများလည်း မပေးချင်ကြကြောင်း ပို့ကုန်လုပ်ငန်းရှင်များမှာ နိုင်ငံခြားတွင်သာငွေများထားရှိကြောင်း တိုင်းပြည်ဝင်ငွေရှိရန်လိုအပ်ကြောင်း SME အတွက် ဘီလီယံ(၁၇၀)ရမည်ဟု သိရှိရကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းကို ဦးစားပေး၍ ချေးပေးမည်ဖြစ်ပြီး ရောင်းချမှု၊ ဝန်ဆောင်မှုအတွက် ပေးမည်မဟုတ်ကြောင်း၊ မိဘပိုက်ဆံမဟုတ်သဖြင့် ချေးယူယုံသာမက ပြန်ဆပ်ရမည်ဖြစ်ကြောင်း။

(င) နောက်ဆုံးတချက်မှာ HR ဖြစ်ကြောင်း၊ လူသားရင်းမြစ်မရှိလျှင် ဘာမျှလုပ်၍မရကြောင်း ၊ တိုင်းပြည်၏အခြေအနေအရ Labour-Intensive လုပ်အားကို အဓိကထားရမည်ဖြစ်ကြောင်း၊ ပညာရေးတွင်အားနည်းချက်များရှိကြောင်း၊ ၂၀၁၄ ခုနှစ် စာရင်းများအရ အသက် ၂၅ နှစ်အထက် လူဦးရေ (၂၄)သန်းတွင် (၈)တန်းအောင် လူဦးရေ(၁၈)သန်းရှိကြောင်း သူတို့မှာ အလုပ်ကြမ်းသာ လုပ်၍ရကြောင်း၊ အင်ဂျင်နီယာ၊ မန်နေဂျာမဖြစ်ကြောင်း၊ (၉)တန်းအောင်ပါက စက်မှုအထက်တန်းကျောင်း တက်နိုင်ကြောင်း၊ (၁၀)တန်းအောင်ပါက စက်မှုသိပ္ပံ၊ မွေးမြူရေးသိပ္ပံကောလိပ်၊ တက္ကသိုလ် တက်နိုင်ကြောင်း ၊ကရင်ပြည်နယ်တွင် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံ ဖွင့်လှစ်နိုင်ရန် စီစဉ်ပေးထားကြောင်း လူသား ရင်းမြစ်ရှိမှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တွင် B.A(Law), B.A(economy) သင်ရမည်ဖြစ်ပြီး စီးပွားရေးအမြင်ရှိအောင်၊ ဥပဒေအမြင် ရှိအောင်လုပ်ပေးမည်ဖြစ်ကြောင်း၊ ဆေးတက္ကသိုလ်သို့ မိမိစရိတ်ဖြင့်တက်မည့်သူ (၂၀)ဦးကျော်သာရှိပြီး နိုင်ငံတော်စရိတ်ဖြင့်တက်လိုသူ(၁၁၀၀)ဦးကျော်ရှိကြောင်း ဆေးတက္ကသိုလ်ပညာသင်ပြီး ဆေးရုံ၌ အလုပ်လုပ်လိုသူမရှိသဖြင့် အာမခံနှင့် စာချုပ်ချုပ်၍ ခွင့်ပြုပေးမည် ဖြစ်ကြောင်း၊ ကရင်ပြည်နယ်မှာ သဘာဝအလှများစွာ ရှိကြောင်း ချစ်စရာကောင်းကြောင်း ၊မဖြစ်မနေစားသောက် သွားလာကြမည် ဖြစ်ကြောင်း၊

အိမ်သာမှ ညှော်လာမည်ဖြစ်ကြောင်း၊ အသံတွေသာရမည် မြင်ကွင်း တွေ သာယာရမည်ဖြစ်ကြောင်း၊ အသံတွေသာယာဖို့ ဆူပူသောင်းကျန်းမှု မရှိလိုကြောင်း၊ မြင်ကွင်းသာယာဖို့ သန့်ရှင်းသပ်ရပ်ရမည်ဖြစ်ကြောင်း၊ ဒေသထွက် အစားအသောက်ကိုလည်း ဖွယ်ဖွယ်ရာရာ ပြင်ဆင်ကျွေးမွေးစေလိုကြောင်း၊ သန့်သန့်ရှင်းရှင်း တည်းခိုနိုင်အောင် စီစဉ်ပေးရမည်ဖြစ်ကြောင်း Tourism အားပေးကြောင်း၊ ပြည်တွင်း/ပြည်ပမှ ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်ကိုလည်း ခွင့်ပြုပေးထားကြောင်း ၊ ဘားအံမြို့နယ်အတွင်း Tourist ခရီးသွားလာရေးကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၏ စည်းမျဉ်းနှင့်အညီ ခွင့်ပြု ပေးမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ပါက ပြည်နယ်၏စီးပွားရေးများ ကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားပါသည်။

နိဂုံး

၆။ သို့ဖြစ်ပါ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ကရင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင် များနှင့် တွေ့ဆုံမှု ဆွေးနွေးမှု အစီရင်ခံစာအား တင်ပြအပ်ပါသည်။

# မှတ်တမ်းဓာတ်ပုံများ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွါးရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွါးရေးလုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုခြင်း





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွါးရေးလုပ်ငန်းရှင်များ၏ ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုခြင်း

